**(၁၄-၅-၂၀၂၁) မှ (၂၀-၅-၂၀၂၁ ) ထိ စက်သုံးဆီ ( ဓာတ်ဆီ၊ ဒီဇယ်ဆီ ) ပြည်တွင်း ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း**

၁။ ကမ္ဘာ့လောင်စာဆီ ဈေးကွက်အခြေအနေအား လေ့လာကြည့်ရာတွင် **ဓာတ်ဆီဈေးနှုန်းသည်** ၂၀၂၁ ခုနှစ်၊ မေလ (၁၇) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဈေးနှုန်းများအရ ကမ္ဘာ့နိုင်ငံပေါင်း (၁၂၆) နိုင်ငံအနက် မော်ရိုကိုနိုင်ငံသည် ယခင်အပတ် ဈေးနှုန်းထက် (၉.၇၀ %) ဖြင့် ဈေးနှုန်း မြင့်တက်မှု အမြင့်ဆုံး နိုင်ငံဖြစ်ခဲ့ပြီး ဂါနာနိုင်ငံတွင် (၈.၆၀ %)၊ အာဂျင်တီးနားနိုင်ငံတွင် (၄.၇၀ %)နှင့် ကာဇက်စတန် နိုင်ငံတွင် (၃.၇၀ %) ဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း (၄၉) နိုင်ငံရှိကြောင်း တွေ့ရှိရပါသည်။

၂။ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ ဘာဘေဒို၊ ဒိန်းမတ်၊ အီဂျစ်၊ ဟန်ဂေရီ၊ အီတလီ၊ ဂျော်ဒန်နှင့် နော်ဝေ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၆၂) နိုင်ငံတွင် ယခင်အပတ် ဈေးနှုန်းများအတိုင်း ပြောင်းလဲခြင်း မရှိဘဲ ဓာတ်ဆီဈေးနှုန်း တည်ငြိမ်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

၃။ ဓာတ်ဆီဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ဖိလစ်ပိုင်၊ ဖင်လန်၊ ယူကရိန်း၊ ပြင်သစ်၊ ကနေဒါ၊ ဘယ်လ်ဂျီယံနှင့် လီဆိုသို စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၁၅) နိုင်ငံရှိပြီး ယခင် တစ်ပတ် ဈေးနှုန်းထက် (၀.၁၀ %) မှ (၅.၄၀ %) ထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၄။ အာဆီယံနိုင်ငံများ၏ ၂၀၂၁ ခုနှစ်၊ မေလ (၁၇) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဓာတ်ဆီဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် (၂.၉၀ %)နှင့် ဗီယက်နမ်နိုင်ငံတွင် (၀.၄၀ %) တို့ဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် (၁.၁၀ %)နှင့် ဖိလစ်ပိုင်နိုင်ငံတွင် (၅.၄၀ %) ဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံနိုင်ငံများတွင် ဈေးနှုန်းအပြောင်းအလဲမရှိ တည်ငြိမ်နေကြောင်း လေ့လာ တွေ့ရှိရပါသည်။

၅။ **ဒီဇယ်ဆီဈေးနှုန်းသည်** ၂၀၂၁ ခုနှစ်၊ မေလ (၁၇) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ကမ္ဘာ့နိုင်ငံပေါင်း (၁၂၆) နိုင်ငံအနက် မော်ရိုကိုနိုင်ငံသည် ယခင်အပတ် ဈေးနှုန်းထက် (၁၀.၇၀ %) ဖြင့် ဈေးနှုန်း မြင့်တက်မှု အမြင့်ဆုံး နိုင်ငံဖြစ်ခဲ့ပြီး Belize နိုင်ငံတွင်

(၉.၁၀ %)၊ ဂါနာနိုင်ငံတွင် (၈.၄၀ %) နှင့် အာဂျင်တီးနားနိုင်ငံတွင် (၇.၄၀ %) ဖြင့် ဈေးနှုန်းများ မြင့်တက်ခဲ့ပြီး ဈေးနှုန်းမြင့်တက်ခဲ့သည့် နိုင်ငံပေါင်း (၅၃) နိုင်ငံရှိကြောင်း တွေ့ရှိရပါသည်။

၆။ ယခုတစ်ပတ်အတွင်း ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ နီပေါ၊ ပါကစ္စတန်၊ ဘူတန်၊ အီကွေဒေါ၊ အိုက်စလန်၊ အစ္စရေး၊ နိုင်ဂျီးရီးယား၊ နော်ဝေ၊ ပိုလန်နှင့် ကာတာ စသည့် နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၆၂) နိုင်ငံတို့တွင် ယခင်အပတ်များအတိုင်း ဈေးနှုန်း အပြောင်းအလဲ မရှိဘဲ ဒီဇယ် ဈေးနှုန်း တည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၇။ ဒီဇယ်ဈေးနှုန်း ကျဆင်းသွားသည့် နိုင်ငံများအနေဖြင့် ထိုင်း၊ ဖိလစ်ပိုင်၊ ဘယ်လ်ဂျီယံ၊ ပြင်သစ်၊ ဆွစ်ဇာလန်၊ လီဆိုသိုနှင့် ယူကရိန်း စသည့်နိုင်ငံများ အပါအဝင် နိုင်ငံပေါင်း (၁၁) နိုင်ငံရှိပြီး ယခင် တစ်ပတ် ဈေးနှုန်းထက် (၀.၁၀ %) မှ (၁၀.၈၀ %) ထိ ဈေးနှုန်း ကျဆင်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၈။ အာဆီယံနိုင်ငံများ၏ ၂၀၂၁ ခုနှစ်၊ မေလ (၁၇) ရက်နေ့ Global Petrol Prices Website တွင် ဖော်ပြထားရှိသည့် ဒီဇယ်ဈေးနှုန်းများအနေဖြင့် ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံတွင် (၃.၂၀ %)နှင့် ဗီယက်နမ်နိုင်ငံတွင် (၃.၁၀ %) တို့ဖြင့် ဈေးနှုန်း မြင့်တက်ခဲ့ပြီး ထိုင်းနိုင်ငံတွင် (၁.၀၀ %)နှင့် ဖိလစ်ပိုင်နိုင်ငံတွင် (၁၀.၈၀ %) ဖြင့် ဈေးနှုန်းကျဆင်းခဲ့ကာ ကျန်အာဆီယံ နိုင်ငံများတွင် ဈေးနှုန်း အပြောင်းအလဲမရှိ တည်ငြိမ်နေခဲ့ကြောင်း လေ့လာ တွေ့ရှိရပါသည်။ အာဆီယံနိုင်ငံများ၏ ၂၀၂၁ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင် ဖြစ်ပေါ်နေသော ဓာတ်ဆီ၊ ဒီဇယ် (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | မြန်မာ | လီတာ | ၀.၇၅ | ၀.၆၈ |
| ၂ | အင်ဒိုနီးရှား | လီတာ | ၀.၇၄ | ၀.၇၃ |
| ၃ | ထိုင်း | လီတာ | ၁.၁၁ | ၀.၇၇ |
| ၄ | ဗီယက်နမ် | လီတာ | ၀.၈၆ | ၀.၆၅ |
| ၅ | စင်ကာပူ | လီတာ | ၁.၇၅ | ၁.၄၁ |
| ၆ | မလေးရှား | လီတာ | ၀.၅၀ | ၀.၅၂ |
| ၇ | ဖိလစ်ပိုင် | လီတာ | ၁.၀၀ | ၀.၇၆ |
| ၈ | ကမ္ဘောဒီးယား | လီတာ | ၁.၀၄ | ၀.၈၁ |
| ၉ | လာအို | လီတာ | ၁.၀၅ | ၀.၈၇ |
| ၁၀ | ဘရူနိုင်း | Global Petrol Prices website တွင် ဖော်ပြထားခြင်းမရှိပါ။ | | |

၉။ ၂၀၂၁ ခုနှစ်၊ မေလ (၁၇) ရက်နေ့တွင် Global Petrol Prices Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမှာ ဓာတ်ဆီ (၁) လီတာတွင် အမေရိကန်ဒေါ်လာ (၁.၁၆) နှင့် ဒီဇယ်ဆီ (၁) လီတာတွင် အမေရိကန်ဒေါ်လာ (၁.၀၄) ရှိပြီး စက်သုံးဆီ ဈေးနှုန်း နိုင်ငံအလိုက် နည်း/များတွင် မြန်မာနိုင်ငံသည် ဓာတ်ဆီဈေးနှုန်း (၁) လီတာ (၀.၇၅) ဒေါ်လာနှုန်းဖြင့် (၃၀) နိုင်ငံမြောက်နှင့် ဒီဇယ်ဆီဈေးနှုန်း (၁) လီတာ (၀.၆၈) ဒေါ်လာနှုန်းဖြင့် (၃၃) နိုင်ငံမြောက်တွင် ရှိနေကြောင်းတွေ့ရှိရပါသည်။ ယခုတစ်ပတ်တွင် ဓာတ်ဆီ၊ ဒီဇယ် ဈေးနှုန်း အနည်းဆုံး/ အများဆုံး နိုင်ငံများစာရင်းကို (၁) လီတာ ဈေးနှုန်းများဖြင့် အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | ဓာတ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဓာတ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | ဗင်နီဇွဲလား | လီတာ | ၀.၀၂ | ဟောင်ကောင် | လီတာ | ၂.၅၀ |
| ၂ | အီရန် | လီတာ | ၀.၀၇ | နယ်သာလန် | လီတာ | ၂.၁၆ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၅ | နော်ဝေ | လီတာ | ၂.၀၈ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၃၅ | ဒိန်းမတ် | လီတာ | ၁.၉၇ |
| ၅ | ကူဝိတ် | လီတာ | ၀.၃၅ | ဖင်လန် | လီတာ | ၁.၉၇ |

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | ဒီဇယ်ဆီဈေးနှုန်း အနိမ့်ဆုံးနိုင်ငံ | | | ဒီဇယ်ဆီဈေးနှုန်း အမြင့်ဆုံးနိုင်ငံ | | |
|---|---|---|---|---|---|---|
| | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး | နိုင်ငံအမည် | ရေတွက်ပုံ | တန်ဖိုး |
| ၁ | အီရန် | လီတာ | ၀.၀၁ | ဟောင်ကောင် | လီတာ | ၂.၀၉ |
| ၂ | ဆော်ဒီအာရေဗျ | လီတာ | ၀.၁၄ | ဆွီဒင် | လီတာ | ၁.၉၄ |
| ၃ | အင်ဂိုလာ | လီတာ | ၀.၂၁ | UK | လီတာ | ၁.၈၅ |
| ၄ | အယ်လ်ဂျီးရီးယား | လီတာ | ၀.၂၂ | နော်ဝေ | လီတာ | ၁.၈၄ |
| ၅ | အီကွေဒေါ | လီတာ | ၀.၃၈ | အစ္စရေး | လီတာ | ၁.၈၂ |

၁၀။ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုအများဆုံး ဆောင်ရွက်နေသော တရုတ်၊ ဂျပန်နှင့် အိန္ဒိယနိုင်ငံတို့၏ စက်သုံးဆီ (၁) လီတာ ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | နိုင်ငံအမည် | ရေတွက်ပုံ | ဓာတ်ဆီ | ဒီဇယ် |
|---|---|---|---|---|
| ၁ | တရုတ် | လီတာ | ၁.၁၂ | ၀.၈၇ |
| ၂ | ဂျပန် | လီတာ | ၁.၃၅ | ၁.၁၆ |
| ၃ | အိန္ဒိယ | လီတာ | ၁.၃၀ | ၁.၁၉ |


၁၁။ Oil-Price.Net Website ၌ ဖော်ပြထားရှိသည့် ကမ္ဘာ့ရေနံစိမ်း (Crude Oil) နေ့စဉ်ဈေးနှုန်းများအား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**တန်ဖိုး- အမေရိကန်ဒေါ်လာ**

| စဉ် | ရက်စွဲ | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|---|
| ၁ | ၁၄.၅.၂၀၂၁ | စည် | ၆၅.၃၇ |
| ၂ | ၁၇.၅.၂၀၂၁ | စည် | ၆၆.၂၇ |
| ၃ | ၁၈.၅.၂၀၂၁ | စည် | ၆၅.၄၉ |
| ၄ | ၁၉.၅.၂၀၂၁ | စည် | ၆၃.၃၆ |

source : http://www.oil-price.net/

၁၂။ ၂၀၂၁ ခုနှစ်၊ မတ်လ (၂၂) ရက်နေ့မှ မေလ (၁၇) ရက်နေ့ထိ အပတ်စဉ် ဓါတ်ဆီ၊ ဒီဇယ်နှင့် ရေနံစိမ်းဈေးနှုန်း ပြောင်းလဲမှုများကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-




၁၃။ ပြည်တွင်းစက်သုံးဆီ ဈေးနှုန်းများအနေဖြင့် Yangon Denko စက်သုံးဆီဆိုင်၏ ရောင်းဈေးများအရ မေလ ၁၉ ရက်နေ့တွင် အောက်တိန်း-92 တစ်လီတာလျှင် ၁၀၁၅ ကျပ်၊ အောက်တိန်း-95 တစ်လီတာလျှင် ၁၁၀၀ ကျပ်၊ ဒီဇယ် တစ်လီတာလျှင် ၁၀၁၅ ကျပ်နှင့် ပရီမီယံဒီဇယ်တစ်လီတာလျှင် ၁၀၂၅ ကျပ်ဖြင့် ပေါက်ဈေးရှိကြောင်း သိရှိရပါသည်။

၁၄။ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့ကြီးများ၌ နေ့စဉ်ဖြစ်ပေါ်နေသော စက်သုံးဆီ ဈေးနှုန်းများအား လေ့လာရာတွင် ကျိုင်းတုံမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၅၄၉၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၅၃၅၀ ကျပ်၊ တောင်ကြီးမြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၄၉၅၀ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၄၈၅၀ ကျပ်၊ မော်လမြိုင်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၅၁၇၅ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၄၇၉၂ ကျပ်ဖြင့် အမြင့်ဆုံး ဖြစ်ပေါ်နေပြီး၊ မြိတ်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၄၁၈၅ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၄၁၄၀ ကျပ်၊ ထားဝယ်မြို့တွင် ဓာတ်ဆီ တစ်ဂါလံလျှင် ၃၂၈၅ ကျပ်၊ ဒီဇယ် တစ်ဂါလံလျှင် ၃၂၄၀ ကျပ်ဖြင့် အနည်းဆုံး ဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံအတွင်းရှိ မြို့ကြီးများ၏ စက်သုံးဆီ ဈေးနှုန်းများမှာ ယခင်အပတ်နှင့် နှိုင်းယှဉ်လျှင် ယခင်အပတ်ထက် ဓာတ်ဆီ တစ်ဂါလံလျှင် ၃၀၀ ကျပ်နှင့် ဒီဇယ် တစ်ဂါလံလျှင် ၂၇၀ ကျပ်ထိ ဈေးနှုန်း မြင့်တက်ခဲ့ကြောင်း လေ့လာသုံးသပ် တင်ပြအပ်ပါသည်။